၁၄.၁၀.၇၃

၁၉၇၃ ခုနှစ်၊ ဒုတိယအကြိမ် ပါတီညီလာခံ

ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်လောင်းများ၏ ကိုယ်ရေးမှတ်တမ်းအကျဉ်းချုပ်

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ
ဒုတိယအကြိမ် ပါတီညီလာခံ ပါတီလုပ်ငန်းစိစစ်ရေး
ကော်မီတီဝင်လောင်းအမည်စာရင်း

မာတိကာ

အမှတ်စဉ်	အမည်	စာမျက်နှာ
၁။	ဦးကျော်ငြိမ်း	၁
၂။	ဦးစောထွန်း	၂
၃။	ဦးစောသာဒင်	၃
၄။	ဦးစောအုံ	၄
၅။	ဦးစန်းမောင်	၅
၆။	ဗိုလ်မှူးကြီး စိန်လွင်	၆
၇။	ဦးစိန်ဝင်း	၇
၈။	ဦးညွန့်သိမ်း	၈
၉။	ဦးတင်မောင်	၉
၁၀။	ဦးတင်အောင်ဟိန်း	၁၀

မာတိကာ

အမှတ်စဉ်	အမည်	စာမျက်နှာ
၁၁။	ဗိုလ်မှူးကြီး တင့်ဆွေ	၁၁
၁၂။	ဦးထိန်လင်း	၁၂
၁၃။	ဦးထွန်းမြင့် (လင်းခေး)	၁၃
၁၄။	ဗိုလ်မှူးကြီး ထွန်းအောင်ကျော်	၁၄
၁၅။	ဦးဘစိန်	၁၅
၁၆။	ဗိုလ်မှူးကြီး မင်းသိမ်း	၁၆
၁၇။	ဦးမန်းလှသိန်း	၁၇
၁၈။	ဦးမန်းသာမြိုင်	၁၈
၁၉။	ဦးမောင်ညို	၁၉
၂၀။	ဦးမောင်မောင်ကျော်ဝင်း	၂၀
၂၁။	ဗိုလ်မှူးကြီး မျိုးအောင်	၂၁
၂၂။	ဗိုလ်မှူးချုပ် မြင့်မောင်	၂၂
၂၃။	ဦးလှဘုန်း	၂၃
၂၄။	ဦးလှဝင်း	၂၄
၂၅။	ဦးသီဟန်	၂၅
၂၆။	ဦးသန်းစိန်	၂၆
၂၇။	ဦးသိန်းဝင်း	၂၇
၂၈။	ဦးအောင်ချိန်	၂၈
၂၉။	ဦးအောင်ဘ	၂၉
၃၀။	ဦးအောင်သွင်	၃၀



အမည်။ ဦးကျော်ငြိမ်း။

ပါတီဝင်အမှတ်။ ၁၀၀၈၆၄၈။

ပါတီဝင်သက်တမ်း။ ၇ နှစ် ၂ လ။

ပညာအရည်အချင်း။ ဥပစာသိပ္ပံ(က)တန်း။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၂၅-၁၂-၂၆ **အသက်** ၄၇ နှစ်။

စစ်ကိုင်းတိုင်းဒေသပါတီကော်မီတီ မော်လိုက်မြို့နယ်

ပါတီယူနစ် ပါတီညီလာခံကိုယ်စားလှယ်

လက်ရှိပါတီတာဝန်။ ပါတီယူနစ်ဥက္ကဋ္ဌ။

လက်ရှိအလုပ်အကိုင်။ ပါတီယူနစ်ဥက္ကဋ္ဌ။

၁၉၂၆ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

စစ်ကိုင်းအစိုးရအထက်တန်းကျောင်းနေစဉ် သံမဏိတပ်ဖွဲ့တွင် ပါဝင်ခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

စစ်ကိုင်းတွင် အာရှလူငယ်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် တိုက်နယ်ပြည်သူ့ရဲဘော်အဖြစ်ဝင်ခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

၁၉၅၃ ခုနှစ်တွင် မန္တလေးတက္ကသိုလ် အောက်တိုဘာကျောင်းတလပိတ်ရေး ကော်မီတီ၌ ပါဝင်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် မန္တလေးတက္ကသိုလ်၌ ဒု ဥက္ကဋ္ဌ၊ ၁၉၅၅ ခုနှစ်တွင် အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။၁၉၅၆ ခုနှစ်တွင် ကျောင်းသားကိစ္စနှင့်ပတ်သက်၍ ၁၉၅၈ ခုနှစ်အထိ ပုဒ်မ ၅ ဖြင့် အချုပ်ခံရသည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

၁၉၆၄ ခုနှစ်တွင် စစ်ကိုင်းပါတီယူနစ်မှ တာဝန်ပေးသည့် စည်းရုံးရေးတာဝန်များကို ဆောင်ရွက်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ညောင်ပင်ဝန်းတံတားသမဝါယမအသင်းတွင် အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၆၅–၆၆ ခုနှစ်တွင် အခြေခံနိုင်ငံရေးသင်တန်း အမှတ်စဉ် ၈ သို့ တက်ရောက်ခဲ့ပြီး မော်လိုက်ပါတီယူနစ် ဥက္ကဋ္ဌအဖြစ် ယခုအထိ တာဝန် ထမ်းဆောင်လျက်ရှိပါသည်။



အမည်။ ဦးစောထွန်း။

ပါတီဝင်အမှတ်။ ၁၀၀၀၄၈၇။

ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၄ လ။

ပညာအရည်အချင်း။ ဥပစာ သိပ္ပံ (ခ) နှင့် အထူးသိပ္ပံဆရာ သင်တန်း အမှတ်စဉ် ၁ အောင်။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၅-၇-၂၀ **အသက် ၅၃ နှစ်။**

အရန်ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်

လက်ရှိပါတီတာဝန်။ အရန်ပါတီလုပ်ငန်းစိစစ်ရေး ကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ အရန်ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်။

၁၉၂၀ ပြည့်နှစ်မှ ၁၉၄၂ ခုနှစ်အထိ

ကျောင်းနေစဉ် ဖြစ်ပါသည်။ ၁၉၃၈ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ ရန်ကုန် တက္ကသိုလ်တွင် ပညာ သင်ကြားခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

တောင်ကြီးမြို့ ရှမ်းပြည်နယ် စာရင်းစစ်ရုံးတွင် ငွေစာရင်းကိုင်အဖြစ် လည်းကောင်း၊ မိုးနဲ မြို့နယ်၊ မိုင်းပြင်းမြို့နယ်၊ ကျိုင်းတုံမြို့နယ်နှင့် တောင်ကြီးမြို့နယ် များတွင် ကယ်ဆယ်ရေး အရာရှိ အဖြစ် လည်းကောင်း၊ အာရှလူငယ်အစည်းအရုံးတွင် ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ရှမ်းပြည်လုံးဆိုင်ရာ ကျောင်းဆရာများ သမဂ္ဂတွင် အထွေထွေ အတွင်းရေးမှူး အဖြစ်လည်း ကောင်း၊ ရှမ်းပြည်နယ် ဒီမိုကရေစီ ညီညွတ်ရေး တပ်ပေါင်းစု(ဒညတ) တွင် ဗဟိုကော်မီတီဝင် အဖြစ်လည်းကောင်း၊ တောင်ကြီးမြို့နယ်(ဒညတ)၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တောင်ကြီး ခရိုင် လောင်းကစား ဆန့်ကျင်ရေး အမြဲတမ်း ကော်မီတီ၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း ဆောင်ရွက် ခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ရှမ်းပြည် လူငယ်များ အစည်းအရုံးတွင် ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။ တောင်ကြီးမြို့ အထက်တန်းကျောင်းများတွင် အထက်တန်းပြ သိပ္ပံဆရာ အဖြစ် ဆောင်ရွက်ခဲ့ပါသည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

ကေဒါ သင်တန်း အမှတ်စဉ် ၂-၄၊ မွမ်းမံသင်တန်း အမှတ်စဉ် ၂ တက်ခဲ့ပါသည်။ ဗဟို ပြည်သူ့ တောင်သူလယ်သမား ကောင်စီ ဗဟို ကောင်စီဝင် အဖြစ်လည်းကောင်း၊ ရှမ်းပြည် နယ် လဲချားမြို့နယ် ပါတီယူနစ် စည်းရုံးရေးမှူး အဖြစ်လည်းကောင်း၊ လမ်းစဉ်ပါတီ တိုင်းကြီး ကြပ်ရေး ကော်မီတီ အမှတ် ၈ တိုင်းခွဲတွင် တိုင်းရေးရာမှူး အဖြစ်လည်းကောင်း၊ ရှမ်းပြည် နယ် ပင်းဒယမြို့နယ် ပါတီယူနစ် ဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ လက်ရှိ ပါတီ တာဝန်မှာ ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီ၏ ဦးဆောင် အဖွဲ့ဝင်အနေဖြင့် အချိန်ပြည့် ပါတီ လုပ်ငန်း စိစစ်ရေး ကော်မီတီတာဝန်များကို ထမ်းဆောင်လျက် ရှိပါသည်။

အမည်။ ဦးစောသာဒင်။

ပါတီဝင်အမှတ်။ ၁၀၀၀၃၈၀။

ပါတီဝင်သက်တမ်း။ ၉ နှစ် ၃ လ။

ပညာအရည်အချင်း။ အင်္ဂလိပ်-မြန်မာ ၁၀ တန်း။

လူမျိုး။ ကရင်။

မွေးနေ့သက္ကရာဇ်။ ၁၇-၁-၂၁ **အသက်** ၅၃ နှစ်။

အရန်ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်

လက်ရှိပါတီတာဝန်။ အရန်ပါတီလုပ်ငန်းစိစစ်ရေး ကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ အရန်ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်။

၁၉၂၁ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

ကျောင်းနေစဉ်ဖြစ်ပါသည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

စစ်ပြီးသည့် နောက်ပိုင်းတွင် စတီးဘရားသား သစ်ကုမ္ပဏီ သစ်ထုတ်လုပ်ရေး၌ သစ်တိုင်းစာရေးအဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

လယ်ယာလုပ်ငန်းကို လုပ်ကိုင်ရင်း အကူကျောင်းဆရာအဖြစ် လုပ်ခဲ့သည်။ ၁၉၅၂ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ လူထုပညာရေးမှူးနှင့် လူမှုဝန်ထမ်းမှူး လုပ်ခဲ့သည်။ ၁၉၆၁ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ပညာအုပ် လုပ်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

၁၉၆၂ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ပညာအုပ် လုပ်ခဲ့သည်။ ၁၉၆၆ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ကြာအင်း ဆိတ်ကြီး ပါတီယူနစ်နှင့် လှိုင်းဘွဲ့ပါတီယူနစ်များတွင် စည်းရုံးရေးမှူး လုပ်ခဲ့သည်။ ၁၉၇၁ ခုနှစ်မှ ယနေ့အထိ ပါတီလုပ်ငန်း စိစစ်ရေးကော်မီတီတွင် ကော်မီတီဝင် (အချိန်ပြည့်) တာဝန် ထမ်းဆောင်လျက် ရှိပါသည်။



အမည်။ ဦးစောအုံ။

ပါတီဝင်အမှတ်။ ၁၀၅၀၆၇၅။

ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၆ လ။

ပညာအရည်အခြင်း။ ဥပစာအထက်တန်းအောင်။

လူမျိုး။ ရှမ်း။

မွေးနေ့သက္ကရာဇ်။ ၁၉-၂-၁၇ **အသက် ၅၇ နှစ်။**

ရှမ်းပြည်နယ်ဒေသပါတီကော်မီတီ နမ္မတူမြို့နယ်

ပါတီယူနစ် ပါတီညီလာခံကိုယ်စားလှယ်

လက်ရှိပါတီတာဝန်။ ပါတီဝင်။

လက်ရှိအလုပ်အကိုင်။ အထွေထွေမန်နေဂျာ။

၁၉၁၇ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

၁၉၄၂ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် ကျောင်းသူကျောင်းသားများအသင်း ဒု ဥက္ကဋ္ဌ၊ လက်ထောက်လေယာဉ်ကွင်းအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

၁၉၄၃–၄၄ ခုနှစ်တွင် နမ့်ခမ်းအမတ်အဖြစ်နှင့် ၁၉၄၄–၄၅ ခုနှစ်တွင် **U.S.A** ၁၀၁ တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ **B.F.F** တွင်လည်းကောင်း၊ သိန္နီရာဇဝတ်အမတ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် ဗိုလ်သင်တန်းကျောင်း တက်ခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

၁၉၄၈ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ သမ္မတ၏ကိုယ်ရံတော်ဗိုလ်ကြီး၊ ဒု ဗိုလ်မှူးကြီးအဖြစ် ခလရ ၄၊ ရှမ်း ၁၊ ခလရ ၁၇ တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၇ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ စစ်သံမှူးအဖြစ် အမေရိကန်နိုင်ငံတွင် ထမ်းဆောင်ခဲ့သည်။ ၁၉၅၉–၆၀ ပြည့်နှစ်တွင် ရှမ်းပြည်နယ် ကောင်ဆယ်လာ၊ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ မေမြို့ တိုင်းအင်အားဖြည့်တင်းရေးတပ်ရင်းမှူးနှင့် မြို့နယ်တပ်မှူးအဖြစ် အဆင့်ဆင့်တာဝန်ထမ်းခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

၁၉၆၂ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ ခလရ ၂၁ တပ်ရင်းမှူး၊ မကွေးတိုင်း တလက ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့ပြီး ၁၉၆၅ ခုနှစ်မှ ယနေ့အထိ မြန်မာ့ဘော်တွင်း ကော်ပိုရေးရှင်းတွင် အထွေထွေမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။



အမည်။ ဦးစန်းမောင်။

ပါတီဝင်အမှတ်။ ၁၁၀၁၄၀၈။

ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၃ လ။

ပညာအရည်အချင်း။ ဘီအေ (ဂုဏ်ထူး)။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၁၄-၁-၁၇ အသက် ၅၇ နှစ်။

ရန်ကုန်တိုင်းဒေသပါတီကော်မီတီ ကျောက်တံတားမြို့နယ် ပါတီယူနစ် ပါတီညီလာခံကိုယ်စားလှယ်

လက်ရှိပါတီတာဝန်။ ကလာပ်စည်းအဖွဲ့ဝင်။

လက်ရှိအလုပ်အကိုင်။ နိုင်ငံတော်စာရင်းစစ်ချုပ်။

၁၉၁၇ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

၁၉၃၇—၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ယုဒသန်ကောလိပ် မြန်မာကျောင်းသားများ အသင်း ဥက္ကဋ္ဌ၊ ၁၉၃၉ ခုနှစ်တွင် စာရင်းစစ်ဝန်ထမ်းအဆင့် ၁ တာဝန်များ ထမ်းဆောင်ခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

၁၉၄၃—၄၅ ခုနှစ်တွင် ကမ္ဘောဇတိုင်း စာရင်းကိုင်ချုပ်၊ ၁၉၄၆—၄၇ ခုနှစ်တွင် လက်ထောက် ငွေစာရင်းမင်းကြီး၊ ၁၉၄၇—၄၈ ခုနှစ်တွင် ငွေစာရင်းဝန် (ကာကွယ်ရေး)အဖြစ် တာဝန်များ ထမ်းဆောင်ခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

၁၉၄၈—၅၃ ခုနှစ်တွင် ငွေစာရင်းဝန် (ကာကွယ်ရေး)၊ ၁၉၅၃—၆၂ ခုနှစ်တွင် လန်ဒန်မြို့ရှိ မြန်မာသံရုံးတွင် ဘဏ္ဍာရေးသံမှူးနှင့် ၁၉၅၇—၆၂ ခုနှစ်တွင် မြန်မာအသင်းဥက္ကဋ္ဌ တာဝန်များ ထမ်းဆောင်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

၁၉၆၃—၆၈ ခုနှစ်တွင် ပြည်သူ့ရေနံလုပ်ငန်း အုပ်ချုပ်ရေးမှူး၊ ၁၉၆၈ ခုနှစ်မှ ယခုအထိ နိုင်ငံတော် စာရင်းစစ်ချုပ်၊ ၁၉၆၈ ခုနှစ်မှစ၍ ကြက်ခြေနီလုပ်ငန်း ဆောင်ရွက်ခဲ့ရာ ၁၉၇၂ ခုနှစ်တွင် ပြည်လုံးဆိုင်ရာ ညီလာခံမှ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်သည်။

အမည်။ ဗိုလ်မှူးကြီးစိန်လွင်။

ပါတီဝင်အမှတ်။ ၁၀၀၀၁၃၇။

ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၆ လ။

ပညာအရည်အချင်း။ ဒသမတန်း။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၂၂-၁-၂၄ အသက် ၄၉ နှစ်။

ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်

လက်ရှိပါတီတာဝန်။ ပါတီလုပ်ငန်းစိစစ်ရေး ကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ တိုင်းမှူး အနောက်မြောက်တိုင်း စစ်ဌာနချုပ်။

၁၉၂၄ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

ကျောင်းနေစဉ် ဖြစ်ပါသည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်မြောက်ရေး တပ်မတော်သို့ ဝင်ရောက် အမှုထမ်းခဲ့သည်။ ၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေး တပ်မတော်၌ အရာရှိအဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် တိုင်း ၂ ၌ ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့သည်။ ၁၉၄၆ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ တပ်မတော်တွင် ထမ်းဆောင်ခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

၁၉၄၈ ခုနှစ်တွင် အရာရှိဖြစ်၍ တပ်စုမှူး၊ တပ်ခွဲမှူးအဆင့်ဆင့် ထမ်းဆောင်လျက်ပြည်တွင်း သောင်းကျန်းမှုကို တိုက်ခိုက်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် တပ်ရင်းမှူး ဖြစ်သည်။ ၁၉၆၂ ခုနှစ် အာဏာသိမ်းပွဲတွင် မိမိတပ်နှင့် ပါဝင်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

၁၉၆၂ ခုနှစ် အာဏာသိမ်းပွဲပြီးနောက် ၁၉၆၃ ခုနှစ်မှ ၁၉၆၅ နှစ်အထိ ပြည်ထဲရေး အတွင်းဝန် အဖြစ်လည်းကောင်း၊ ၁၉၆၅ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ ဒုတိယ တိုင်းမှူးအဖြစ် လည်းကောင်း၊ ၁၉၆၉ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ တိုင်းမှူးအဖြစ်နှင့် တိုင်းကြီးဥက္ကဋ္ဌအဖြစ် လည်းကောင်းဆောင်ရွက်၍ ၁၉၇၁ ခုနှစ်မှ ယနေ့ထိ တိုင်းမှူး၊ တိုင်းစည်းရုံးရေးကော်မီတီ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ပြီး ပါတီလုပ်ငန်း စိစစ်ရေးကော်မီတီဝင်အဖြစ် တာဝန်ထမ်းဆောင် လျက်ရှိပါသည်။

အမည်။ ဦးစိန်ဝင်း။

ပါတီဝင်အမှတ်။ ၁၀၀၀၀၀၄။

ပါတီဝင်သက်တမ်း။ ၁၁ နှစ် ၂လ။

ပညာအရည်အခြင်း။ အင်္ဂလိပ် - မြန်မာ ၁၀ တန်းအောင်။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၂-၃-၁၉ **အသက်** ၅၄ နှစ်။

ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်

လက်ရှိပါတီတာဝန်။ ဥက္ကဋ္ဌ၊ ပါတီလုပ်ငန်းစိစစ်ရေး ကော်မီတီ။

လက်ရှိအလုပ်အကိုင်။ ဝန်ကြီး ဆောက်လုပ်ရေး ဝန်ကြီးဌာန။

၁၉၁၉ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

ထားဝယ်မြို့ အစိုးရအထက်တန်းကျောင်းတွင် ၁၀ တန်းအထိ ပညာသင်ကြားခဲ့သည်။ မော်လမြိုင်မြို့ရှင်မဟာဗုဒ္ဓဃောသ အထက်တန်းကျောင်းတွင် ၁၀ တန်းသင်နေဆဲ သပိတ်မှောက် ကျောင်းသားအဖြစ် ဆောင်ရွက်ခဲ့သည်။ မန္တလေးမြို့ ရဲသိပ္ပံသို့ ရဲအတတ်သင်ကျောင်းသားအဖြစ် တက်ရောက်ခဲ့သည်။ ထားဝယ်မြို့တွင် ရဲအတတ်သင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

ဗမာ့လွတ်လပ်ရေး တပ်မတော်တွင် ကော့ကရိတ်နယ်မှ တာဝန်ယူပြီး ကော့ကရိတ်တပ်ကို အုပ်ချုပ်ခဲ့သည်။ ရန်ကုန်သို့ ချီတက်ပြီးနောက် ဖျာပုံတပ်နှင့် အင်းစိန်ခရိုင်တပ်များကို တာဝန်ယူခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မှ ဗမာ့ကာကွယ်ရေး တပ်ဖွဲ့စည်းရာတွင် တပ်ရင်း ၃ တပ်ခွဲ ၅ စက်သေနတ်ကြီးတပ်စုမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ တပ်ရင်း ၆ ဖွဲ့စည်းရာတွင် ပထမ တပ်ခွဲမှူး၊ နောက်တပ်ရင်းမှူးအဖြစ် တာဝန်ယူခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးတွင် သရက်ခရိုင် အနောက်ခြမ်းကို တာဝန်ယူခဲ့သည်။ နတ္တလင်းအရှေ့ ပဲခူးရိုးမအထိ တာဝန်ယူသည်။ မျိုးချစ်တပ်မတော်အဖြစ် တိုင်း ၄ တပ်ရင်း ၁၀၆ ၌ တပ်ရင်းမှူးအဖြစ် ပဲခူးအရှေ့ခြမ်းတွင် တာဝန်ယူ၍ တိုက်ခိုက်ရသည်။ စစ်ပြီး တပ်များပြန်လည်ဖွဲ့စည်းရာတွင် ယခု ဗမာ့တပ်မတော် တပ်ရင်း ၃ တွင် တပ်ခွဲမှူးအဖြစ်ဆောင်ရွက်၍ ဖျာပုံခရိုင်တွင် တာဝန်ကျသည်။ သောင်းကျန်းမှု နှိမ်နင်းရေးတပ်များ ဖွဲ့စည်းရာတွင် တပ်မှူးအဖြစ် တာဝန်ပေး အုပ်ချုပ်ခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

ဗမာ့တပ်မတော် ခြေလျင်တပ်ရင်း ၁ မှူး အဖြစ် တာဝန်ယူခဲ့သည်။ တပ်မဟာများ ဖွဲ့စည်းရာတွင် တပ်မဟာ ၂ တွင် တပ်မဟာမှူးအဖြစ် တောင်ငူတွင် တာဝန်ကျသည်။ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်လက်အောက်တွင် တပ်မဟာ ၄ မှူး၊ စစ်ဌာနချုပ် ဗမာ့တပ်မတော်တွင် တွဲဖက်စစ်ထောက်ချုပ်၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးတာဝန် ဆောင်ရွက်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တော်လှန်ရေးကောင်စီဝင်၊ ပါတီလုပ်ငန်းစိစစ်ရေး ကော်မီတီ ဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးတာဝန် ထမ်းဆောင်လျက် ရှိပါသည်။



အမည်။ ဦးညွန့်သိမ်း။

ပါတီဝင်အမှတ်။ ၁၀၀၀၁၂၄။

ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၆ လ။

ပညာအရည်အချင်း။ အင်္ဂလိပ်-မြန်မာ ၉ တန်း။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၁၅-၂-၂၅ **အသက်** ၄၈ နှစ်။

အရန်ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်

လက်ရှိပါတီတာဝန်။ အရန်ပါတီလုပ်ငန်းစိစစ်ရေး ကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ အငြိမ်းစား(စစ်မှုထမ်း)။

၁၉၂၅ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

၁၉၂၅ ခုနှစ်တွင် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် ရွှေကြာပင်ကျေးရွာ၌ မွေးဖွားခဲ့ပြီး ကျောင်းနေခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

၁၉၄၃ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ရန်ကုန်မြို့ ဂျပန်စကားသင်ကျောင်း၌ နေခဲ့သည်။ ၁၉၄၅ ခုနှစ် ဂျပန်တော်လှန်ရေးတွင် တိုင်း ၄ မင်းလှစည်သူ တပ်ရင်း မင်းသူရ တပ်ခွဲ၌ ပါဝင်အမှုထမ်းခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

၁၉၄၆ ခုနှစ်တွင် ဗမာ့သေနတ်ကိုင် တပ်ရင်း ၃ သို့ ဝင်ရောက်စစ်မှုထမ်းခဲ့သည်။ ၁၉၄၈—၄၉ ခုနှစ်တွင် ရခိုင်တိုင်း၊ မြစ်ဝကျွန်းပေါ်၊ အင်းစိန်၊ ဝက်ကော်၊ တောင်ငူ စသည့်တိုက်ပွဲများ၌ ပါဝင်ခဲ့သည်။ ၁၉၅၈—၅၉ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး အိမ်စောင့် အစိုးရ လက်ထက် တောင်ငူခရိုင် ထန်းတပင်မြို့နယ်၌ လုံခြုံရေး ကောင်စီ ဥက္ကဋ္ဌအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

၁၉၆၂ ခုနှစ်တွင် ဝါးခယ်မမြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီ ဥက္ကဋ္ဌ တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၆၃—၆၄ ခုနှစ်တွင် အခြေခံနိုင်ငံရေး သင်တန်း အမှတ်စဉ် ၁ သို့ တက်ခဲ့ပြီး သံတွဲမြို့နယ် ပါတီယူနစ်ဥက္ကဋ္ဌ အဖြစ်ဖြင့်လည်းကောင်း၊ လမ်းစဉ်ပါတီ ပါတီစည်းရုံးရေး ဗဟိုကော်မီတီ ဌာနချုပ်တွင် ဌာနခွဲမှူး အဖြစ်ဖြင့် လည်းကောင်း၊ မိတ္ထီလာမြို့နယ် ပါတီယူနစ်ဥက္ကဋ္ဌအဖြစ်ဖြင့် လည်းကောင်း တာဝန် အသီးသီး ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါ တပ်မတော် ဗိုလ်မှူးအဆင့်မှ နုတ်ထွက်ပြီး ပါတီလုပ်ငန်း စိစစ်ရေး ကော်မီတီဝင် (အချိန်ပြည့်) တာဝန် ထမ်းဆောင်လျက် ရှိပါသည်။

အမည်။ ဦးတင်မောင်။

ပါတီဝင်အမှတ်။ ၁၀၀၀၁၁၆။

ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၇ လ။

ပညာအရည်အချင်း။ အင်္ဂလိပ်- မြန်မာ ၁၀ တန်း။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၁၂-၅-၂၂ **အသက်** ၅၁ နှစ်။

ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်

လက်ရှိပါတီတာဝန်။ ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ ဥက္ကဋ္ဌ စစ်ကိုင်းတိုင်း လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီ။

၁၉၂၂ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

ကျောင်းနေစဉ် ဖြစ်ပါသည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

ဗမာ့ကာကွယ်ရေး တပ်မတော်သို့ သာမန် စစ်သားအဖြစ် ဝင်ရောက်ပြီး မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်း ဒုတိယပတ်သို့ တက်ခဲ့သည်။ ဂျပန်ပြည်သို့ လေယာဉ်မောင်း ပညာတော်သင် အဖြစ် သွားခဲ့ပြီး ၁၉၄၅ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်ရောက်၍ မျိုးချစ် ဗမာ့တပ်မတော် ဖျက်သိမ်းသည်အထိ အမှုထမ်းခဲ့သည်။ ပြည်သူ့ရဲဘော်တွင် ပါဝင်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် မြန်မာ့တပ်မတော် (လေ) သို့ အထွေထွေ ဌာနခွဲ (လေသူရဲ) ဗိုလ်လောင်းအဖြစ် ဝင်ရောက် အမှုထမ်းခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

၁၉၄၉ ခုနှစ်တွင် ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်အပ်ခြင်း ခံရသည်။ အထွေထွေ ဌာနခွဲ (လေသူရဲ) အဖြစ် အမှုထမ်းဆောင်ခဲ့ပြီး တပ်ခွဲမှူး၊ တပ်ရင်းမှူး၊ ဦးစီးအရာရှိ၊ အုပ်စုမှူး စသည်ဖြင့် အမှုထမ်းခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

၁၉၆၃ ခုနှစ်၌ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပါတီစည်းရုံးရေး ဗဟိုကော်မီတီဌာနချုပ်တွင် ဦးစီး ဌာနခွဲမှူးအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် တပ်မတော် (လေ) သို့ ပြန်လည် အမှုထမ်းသည်။ ဦးစီး အရာရှိ ပထမတန်း၊ လေတပ်စခန်းမှူး စသည်ဖြင့် အမှုထမ်းခဲ့ပြီး ၁၉၇၂ ခုနှစ်မှ ယနေ့အထိ စနစ်သစ် အုပ်ချုပ်ရေး အကောင်အထည် ဖော်ရာတွင် စစ်ကိုင်းတိုင်း လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီ ဥက္ကဋ္ဌအဖြစ် တာဝန် ထမ်းဆောင်လျက် ရှိပါသည်။



အမည်။ ဦးတင်အောင်ဟိန်း။

ပါတီဝင်အမှတ်။ ၁၀၀၀၃၃၂။

ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၄ လ။

ပညာအရည်အချင်း။ ဘီအေဘီအယ်လ်။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၂၀-၁၂-၁၉ **အသက် ၅၄ နှစ်။**

ရန်ကုန်တိုင်းဒေသပါတီကော်မီတီ ကျောက်တံတားမြို့နယ်
ပါတီယူနစ် ပါတီညီလာခံကိုယ်စားလှယ်

လက်ရှိပါတီတာဝန်။ ပါတီစိတ်ကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ ကုန်သွယ်ရေး ၁ အဖွဲ့ဝင်။

၁၉၁၉ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

ရန်ကုနတက္ကသိုလ်ကျောင်းသားသပိတ်တွင် အမှုဆောင်အဖွဲ့ဝင်၊ အိုးဝေမဂ္ဂဇင်းအယ်ဒီတာ လုပ်ခဲ့သည်။ သပိတ်မှောက် ကျောင်းသားခေါင်းဆောင်အဖြစ် ကသာထောင်တွင် အပြစ်ကျခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ

ဘီအိုင်အေတွင် ပါဝင်ခဲ့ပြီး နယ်ဖက်ပြောင်း၍ ယစ်မျိုးဝန်ထောက်အဖြစ် အမှုထမ်းသည်။ ၁၉၄၇ ခုနှစ်အထိ နယ်ဖက်တွင် မြို့ပိုင်၊ ကုန်သွယ်ရေးဝန်ထမ်းအဖြစ် အမှုထမ်းခဲ့သည်။

၁၉၄၇ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

အစိုးရဝန်ထမ်း အထက်တန်းစာစစ်ပွဲဝင်ဖြေပြီး အမြတ်ခွန်ဌာနတွင် အမြတ်ခွန်ဝန်ထောက်၊ ပြည်ထောင်စု လျှပ်စစ်အဖွဲ့ အုပ်ချုပ်ရေးမှူး စသည်ဖြင့် အမှုထမ်းသည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

ပဲခူးမျူနီစီပယ် အုပ်ချုပ်ရေးမှူး၊ ပဲခူးလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီ အတွင်းရေးမှူး၊ ပဲခူးပါတီယူနစ်ရေးရာမှူး၊ ပဲခူး၊ ဒိုက်ဦး ပါတီယူနစ်တို့တွင် ယူနစ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရာမှ ပြောင်းရွှေ့၍ ဗဟိုပြည်သူ့တောင်သူလယ်သမားကောင်စီ အမှုဆောင် အဖွဲ့ဝင်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအဖွဲ့ဝင်၊ ဗလက အဖွဲ့ဝင်အဖြစ် အမှုထမ်းလျက် ရှိသည်။

အမည်။ ဗိုလ်မှူးကြီးတင့်ဆွေ။ ၁၁

ပါတီဝင်အမှတ်။ ၁၀၀၀၁၃၉။

ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၈ လ။

ပညာအရည်အချင်း။ အင်္ဂလိပ် - မြန်မာ ၁၀ တန်း။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၁-၂-၂၅ အသက် ၄၇ နှစ်။

ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်

လက်ရှိပါတီတာဝန်။ ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ တိုင်းမှူး အရှေ့တောင်တိုင်းစစ်ဌာနချုပ်။

၁၉၃၅ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

ဖျာပုံမြို့အစိုးရအထက်တန်းကျောင်းတွင် ကျောင်းနေစဉ် ကျောင်းသား သပိတ်၌ သာမန် သပိတ်မှောက် ကျောင်းသားအဖြစ် ပါဝင်ခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေး တပ်မတော် တပ်ရင်း ၆ တွင် တပ်သားအဖြစ် ဝင်ခဲ့သည်။ တပ်ရင်းမှ မင်္ဂလာဒုံ ဗိုလ်သင်တန်းအပတ်စဉ် ၂ သို့ တက်ရောက်ခဲ့သည်။ ထိုမှ တဖန် ဂျပန်ပြည် စစ်တက္ကသိုလ်သို့ ပညာသင်သွားခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ပြည်မြို့ အမှတ် ၄ ဗမာ့ သေနတ်ကိုင် တပ်ရင်း၌ တပ်သားအဖြစ် ဝင်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ဒုဗိုလ်အဖြစ် ခန့်အပ်ခံရပြီး မိတ္ထီလာစစ်ဝန်ထမ်း တပ်ရင်း၌ တပ်ရင်းမှူး တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

မိတ္ထီလာစစ်ဝန်ထမ်းတပ် ဖျက်သိမ်းပြီး ၁၉၅၀ မှ ၁၉၅၂ ခုနှစ်အထိ သနက ၂ နှင့် ခလရ ၂၂ တို့၌ တပ်ခွဲမှူး၊ ၁၉၅၃ ခုနှစ်တွင် တပ်မဟာ ၉ တပ်ပေါင်း ဗိုလ်မှူးတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ဗိုလ်သင်တန်းကျောင်း နည်းပြချုပ်၊ ၁၉၅၆ ခုနှစ်တွင် ကယား ၁ တပ်ရင်းမှူး၊ ၁၉၅၈ ခုနှစ်တွင် အမှတ် ၁ သံချပ်ကာ တပ်ရင်းမှူး၊ ၁၉၆၁ ခုနှစ်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး(ပ)နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး(ပ)၊ ၁၉၆၂ ခုနှစ်တွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းဦးစီးချုပ် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

၁၉၆၅ ခုနှစ်တွင် အနောက်တောင်တိုင်း စစ်ဌာနချုပ်၌ ဒုတိုင်းမှူး၊ စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီးတာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် အမှတ် ၇၇ ခြေမြန်တပ်မ ဌာနချုပ် တပ်မမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ တိုင်းမှူး၊ တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီ ဥက္ကဋ္ဌနှင့် လမ်းစဉ်ပါတီ တိုင်းကြီးကြပ်ရေး ကော်မီတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၂ ခုနှစ်မှ ယနေ့အထိ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးတာဝန်နှင့် ပါတီလုပ်ငန်း စိစစ်ရေးကော်မီတီအဖွဲ့ဝင်အဖြစ် တာဝန် ထမ်းဆောင်လျက် ရှိပါသည်။



အမည်။ ဦးထိန်လင်း။

ပါတီဝင်အမှတ်။ ၁၀၀၀၀၃၈။

ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၄ လ။

ပညာအရည်အချင်း။ ဥပစာ အထက်တန်း။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၂၀-၃-၂၂ အသက် ၅၂ နှစ်။

ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်

လက်ရှိပါတီတာဝန်။ ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ အယ်ဒီတာချုပ် ဗိုလ်တထောင်သတင်းစာ ပြန်ကြားရေးဝန်ကြီးဌာန။

၁၉၂၂ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

ကျေးရွာမူလတန်းကျောင်း၊ ရန်ကုန်မြို့ရှိ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ သင်ကျောင်း၊ ရန်ကုန် တက္ကသိုလ်တို့တွင် စာသင်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် တို့ဗမာအစည်းအရုံးဝင်၊ ၁၉၄၀–၄၁ ခုနှစ်တွင် ကွန်မြူနစ်ကလာပ်စည်းဝင် ဖြစ်ခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

၁၉၄၆ ခုနှစ် အထိ ဗမာပြည် ကွန်မြူနစ် ပါတီတွင် ဗဟို အဆင့်၊ ထို့နောက် ခရိုင် အဆင့်တို့တွင် တာဝန်ယူခဲ့သည်။ ၁၉၄၇ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ အလံနီ ကွန်မြူနစ်ပါတီ ဗဟို အဆင့်တွင် ကျရာတာဝန် အသီးသီးကို ဆောင်ရွက် ခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

၁၉၄၈ ခုနှစ်မှ ၁၉၄၉ ခုနှစ်တွင် သခင်စိုးနှင့် စည်းရုံးရေးရာ အယူအဆများ သဘောထား ကွဲလွဲ၍ နုတ်ထွက်ခဲ့သည်။ ၁၉၄၉ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၅ ရက်နေ့အထိ လက်နက်ကိုင် အဖျက်လမ်းကို မှားယွင်းလိုက်ခဲ့မိသည်။ ၁၉၆၁ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ တပ်မတော်နှင့် အတူ အဖျက်သမား ဖြိုခွင်းရေး လုပ်ငန်းများကို လုပ်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

၁၉၆၂ ခုနှစ်မှ ၁၉၆၃ ခုနှစ် ဇူလိုင်လအထိ ပါတီ ဌာနချုပ်တွင် သုတေသန တာဝန်များ ထမ်းခဲ့သည်။ ပါတီမှ ပို့လွှတ်ချက်အရ လုပ်သား (မြန်မာ) သတင်းစာတွင် ခေါင်းကြီးပိုင်း အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် တောင်သူလယ်သမားရေးရာ ဌာနကြီး ကော်မီတီဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ပါတီရေးရာသတင်းစဉ်၊ ပြည်တွင်းရေးရာ ကဏ္ဍနှင့် တောင်သူ လယ်သမားရေးရာ ကဏ္ဍတို့အတွက် အယ်ဒီတာ အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင် ဗဟို ပြည်သူ့ တောင်သူလယ်သမားကောင်စီ အလုပ်အမှုဆောင် ကော်မီတီဝင်အဖြစ် လည်းကောင်း၊ လုပ်သား (မြန်မာ) တွင် အမှုဆောင် အယ်ဒီတာအဖြစ် လည်းကောင်း၊ ၁၉၇၁ ခုနှစ်တွင် အယ်ဒီတာချုပ် (ဗိုလ်တထောင်သတင်းစာ) အဖြစ် လည်းကောင်း၊ ပါတီလုပ်ငန်း စိစစ်ရေး ကော်မီတီဝင်အဖြစ် လည်းကောင်း ထမ်းဆောင်ခဲ့၍ ၁၉၆၈ ခုနှစ်မှ ယနေ့အထိ ရုပ်ရှင်အကယ်ဒမီ အကဲဖြတ်အဖွဲ့ဝင်တာဝန် ထမ်းဆောင်လျက် ရှိပါသည်။

အမည်။ လင်းခေး ဦးထွန်းမြင့်။
ပါတီဝင်အမှတ်။ ၁၀၀၉၃၁၈။
ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၅ လ။
ပညာအရည်အခြင်း။ ၈ တန်း။
လူမျိုး။ ရှမ်း - မြန်မာ။
မွေးနေ့သက္ကရာဇ်။ ၂၈ - ၂ - ၀၃ **အသက်** ၇၀ နှစ်။
ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်
လက်ရှိပါတီတာဝန်။ ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်။
လက်ရှိအလုပ်အကိုင်။ အကြံပေးအရာရှိ ၁
လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း၊

၁၉၀၃ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

၁၉၂၀ ပြည့်နှစ် သပိတ်မှောက်ကျောင်းသား၊ မြေပိုင်ရှင်၊ ၁၉၄၁—၄၂ ခုနှစ်တွင် မိမိပိုင်မြေ ၃၇၅ ဧကကို စွန့်လွှတ်ခဲ့သည်။ ၁၉၂၉ ခုနှစ်မှ စပြီး ဗာဂျီးနီးယားဆေးကို စတင်စိုက်ပျိုး ပေါင်းတင် အောင်မြင်ခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

လင်းခေးမြို့တွင် စာမတတ်သူ ပပျောက်ရေးသင်တန်း ဖွင့်လှစ်ခဲ့သည်။ အာရှလူငယ် အစည်းအရုံးဥက္ကဋ္ဌ၊ ရှမ်းပြည် လွတ်လပ်ရေး အဖွဲ့ချုပ် ဒု ဥက္ကဋ္ဌ၊ ဘိလပ်နန်းရင်းဝန်ထံသို့ ဗိုလ် ချုပ်အောင်ဆန်းအား ထောက်ခံကြောင်း သံကြိုးရိုက်သည့် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့၍ ပင်လုံ စာချုပ် ဖြစ်မြောက်ရေးကို ဦးဆောင်ပြီး ပါဝင်လက်မှတ်ထိုးခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

ရှမ်းပြည်နယ် ဝန်ကြီး၊ စက်မှု လက်မှုနှင့် သတ္တုတွင်းဌာန ဝန်ကြီး၊ ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဘဏ် ဒါရိုက်တာအဖွဲ့ဝင်၊ ဗာဂျီးနီးယားဆေးစီမံကိန်း ရေးဆွဲပြီး အမှုဆောင်အရာရှိ ချုပ် အဖြစ်ဖြင့် အကောင်အထည်ဖော်ခဲ့သည်။ စာလုံးပေါင်း တသိန်းကျော် ပါရှိသည့် ဆေးလုပ်ငန်း ပညာရပ် စာစောင် ရေးသား ထုတ်ဝေသည်။ သိရိပံ့ချီဘွဲ့ ချီးမြှင့်ခံခဲ့ရသည်။ ရှမ်းပြည်နယ် အသင်း ဒု ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

စီးကရက် လုပ်ငန်း ပြည်သူပိုင် သိမ်းသောအဖွဲ့ ဗဟို အလုပ် အမှုဆောင် ကော်မီတီဝင်၊ ပြည်သူ့ စီးကရက် လုပ်ငန်း အုပ်ချုပ်မှု ကော်မီတီ ဥက္ကဋ္ဌ၊ ပြည်တွင်း ညီညွတ်ရေးအဖွဲ့ ၃၃ ဦးမှ ၁၁ ဦးအဖွဲ့ သဘာပတိ၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ် ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင်၊ ကောင် စီများ ဖွဲ့စည်းခြင်း အခန်း ၁၀ ရေးဆွဲသော ကော်မီတီ ဥက္ကဋ္ဌ၊ ထို့နောက် အခန်း ၁၅ နှင့် ၁၆ ရေးဆွဲရေးကော်မီတီ ဥက္ကဋ္ဌ၊ ပြည်သူ့ အကြံပေးဆန္ဒရယူရေး အဖွဲ့ခွဲ ၃ ၏ ခေါင်းဆောင် အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်းတွင် အကြံပေး အရာရှိ ၁ အဖြစ် ဆောင်ရွက်လျက် ရှိပါသည်။

အမည်။ ဗိုလ်မှူးကြီး ထွန်းအောင်ကျော်။ ၁၄

ပါတီဝင်အမှတ်။ ၁၀၀၀၁၁၅။

ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၇ လ။

ပညာအရည်အချင်း။ ၁၀ တန်းအောင်။

လူမျိုး။ ရခိုင်။

မွေးနေ့သက္ကရာဇ်။ ၁၂-၂-၂၃ အသက် ၅၀ နှစ်။

ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်

လက်ရှိပါတီတာဝန်။ ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ လေ့ကျင့်ရေးညွှန်ကြားရေးမှူး ကာကွယ်ရေးဝန်ကြီးဌာန။

၁၉၂၃ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

၁၉၃၈ ခုနှစ် အထွေထွေ ကျောင်းသား သပိတ်၌ အင်းစိန် အစိုးရ အထက်တန်းကျောင်းမှ သပိတ်မှောက်ကိုယ်စားလှယ် အဖြစ် ပါဝင် ဆောင်ရွက်ခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

၁၉၄၂ ခုနှစ်တွင် သထုံခရိုင် ဘီအိုင်အေစစ်အုပ်ချုပ်ရေးအဖွဲ့ အထွေထွေဌာနတွင် အမှုထမ်းခဲ့ရာမှ ဘီဒီအေ ဗိုလ်သင်တန်း အပတ်စဉ် ၁ သို့တက်ပြီး မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်း၌တပ်ခွဲမှူးတာဝန်ထမ်းဆောင်သည်။ ၁၉၄၅ ခုနှစ် ဖက်ဆစ်ဂျပန်တော်လှန်ရေး၌ တိုင်းခွဲအမှတ် ၅ တွင် ပါဝင်ခဲ့သည်။ ၄၆ ခုနှစ်တွင် ပြည်သူ့ရဲဘော် တိုက်နယ် စစ်ရေး တာဝန်ခံဖြစ်သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

၁၉၄၈ ခုနှစ်တွင် ဗမာ့ တပ်မတော်သို့ ရဲဘော်အဖြစ် ပြန်လည် အမှုထမ်းပြီး ၁၉၄၉ ခုနှစ်တွင် ဗိုလ်သင်တန်း အပတ်စဉ် ၂ သို့ တက်ခဲ့သည်။ သထုံခရိုင် စစ်ဝန်ထမ်း တပ်ရင်းမှူး၊ ခလရ ၂၁ ဒုတပ်ရင်းမှူး၊ ဗိုလ်သင်တန်းကျောင်း နည်းပြချုပ်၊ ခေတ္တ ကျောင်းအုပ်ကြီး တာဝန်များကို ထမ်းဆောင် ခဲ့သည်။ ထူးချွန်မှုများ အတွက် "သူရဲကောင်း မှတ်တမ်းဝင်" နှင့် "ဇေယျကျော်ထင်" ဘွဲ့ တံဆိပ်များ ရရှိခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

၁၉၆၃ ခုနှစ်တွင် လမ်းစဉ်ပါတီ ဌာနချုပ် အုပ်ချုပ်ရေးရာ ဌာနကြီး၌ စီမံ ဌာနမှူး၊ ၁၉၆၅ ခုနှစ်တွင် ခလရ ၁၈ တပ်ရင်းမှူး၊ ကက (ကြည်း) ဦးစီး (ပ)၊ ၁၉၆၇ ခုနှစ်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ်၊ ဗျူဟာ ၄ မှူး (ကွတ်ခိုင်) တာဝန်များကို ထမ်းဆောင် ခဲ့သည်။ ၁၉၆၈ ခုနှစ် စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး တာဝန်ကို ထမ်းဆောင် နေစဉ် ပထမအကြိမ် ပါတီညီလာခံသို့ တပ်မတော်ကိုယ်စားလှယ် အဖြစ် တက်ရောက်ခဲ့ရာမှ ပါတီ လုပ်ငန်း စိစစ်ရေး ကော်မီတီဝင် အဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသည်။ ၁၉၇၂ ခုနှစ်မှ ယနေ့အထိ ကာကွယ်ရေးဝန်ကြီး ဌာန လေ့ကျင့်ရေး ညွှန်ကြားရေးမှူး အဖြစ် ပြောင်းရွှေ့ ခန့်အပ်ခြင်း ခံရသည်။ လက်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး စည်းရုံးရေး ကော်မီတီတွင် အတွင်းရေးမှူး တာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။

အမည်။ ဦးဘစိန်။

ပါတီဝင်အမှတ်။ ၁၀၃၃၆၃၃။

ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၃ လ။

ပညာအရည်အချင်း။ ဝိဇ္ဇာဘွဲ့၊ မြန်မာနိုင်ငံစာရင်းနှင့် စာရင်းစစ်ဝန်ထမ်း(အထက်တန်း)စာမေးပွဲအောင်၊ ဥပဒေဝိဇ္ဇာတန်းတက်ရောက်ပြီး။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၁၇-၇-၂၃ အသက် ၅၀ နှစ်။

ရန်ကုန်တိုင်းဒေသပါတီကော်မီတီ ပါတီဌာနချုပ်
ပါတီယူနစ် ပါတီညီလာခံကိုယ်စားလှယ်

လက်ရှိပါတီတာဝန်။ ပါတီစိတ်အတွင်းရေးမှူး။

လက်ရှိအလုပ်အကိုင်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပါတီစာရင်းစစ်ဌာန စာရင်းစစ်ချုပ်။

၁၉၂၃ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

ဟသ်ာတခရိုင်နှင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ ကျောင်းသားလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

မော်လမြိုင်မြို့ အာရှလူငယ်အစည်းအရုံး ဉာဏဗလမှူး၊ တပ်မတော်စစ်သားစုဆောင်းရေးလုပ်ငန်းနှင့် ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် အစိုးရအမှုထမ်းပေါင်းစုံ အထွေထွေသပိတ်ကြီး၌ ပါဝင်ခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

ဒေသန္တရရန်ပုံငွေစာရင်းစစ်ဌာန တာဝန်ခံစာရင်းစစ်၊ လူထုပညာရေးကောင်စီ ငွေစာရင်းအရာရှိ၊ ကာကွယ်ရေးဝန်ကြီးဌာန လက်ထောက်ငွေစာရင်းဝန်တာဝန် ယူခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယငွေစာရင်းဝန်၊ တော်လှန်ရေးကောင်စီနှင့် ပါတီစာရင်းစစ်ဌာန စာရင်းစစ်ချုပ်၊ ဒဂုံမြို့နယ် ပြည်သူ့အလုပ်သမားကောင်စီ ဒု ဥက္ကဋ္ဌ၊ ဒဂုံမြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီဝင်၊ ပါတီဗဟိုကော်မီတီ ဌာနချုပ် ဗဟိုအားကစားကော်မီတီ နာယက၊ ဗိုလ်တထောင် အလက ၁ နှင့် မင်္ဂလာတောင်ညွန့် အထက ၃ မိဘဆရာအသင်းနာယက၊ သက်ကြီးတက္ကသိုလ်ကျောင်းသားဟောင်းများအသင်း အမှုဆောင်လူကြီး၊ အစိုးရ ကူးသန်းရောင်းဝယ်ရေး ပညာသင်ကျောင်း အုပ်ချုပ်ရေးအဖွဲ့ဝင်၊ ၃-၁၂-၆၆ ရက်နေ့မှ ၂၄-၄-၇၂ ရက်နေ့အထိ ဒဂုံမြို့နယ်ပါတီယူနစ် ပါတီစိတ်အတွင်းရေးမှူး၊ ၂၅-၄-၇၂ ရက်နေ့မှ ယနေ့အထိ ပါတီဗဟိုကော်မီတီ ဌာနချုပ် ပါတီယူနစ် ပါတီစိတ် အတွင်းရေးမှူးအဖြစ် တာဝန် ထမ်းဆောင်လျက် ရှိပါသည်။

အမည်။ ဗိုလ်မှူးကြီး မင်းသိမ်း။

ပါတီဝင်အမှတ်။ ၁၀၀၀၁၆၃။

ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၈ လ။

ပညာအရည်အခြင်း။ အင်္ဂလိပ်-မြန်မာ ၉ တန်း။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၁၅-၅-၁၆ အသက် ၅၇ နှစ်။

လက်ရှိပါတီတာဝန်။ ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ကာကွယ်ရေးဝန်ကြီးဌာန။

၁၉၁၆ ခုနှစ်မှ ၁၉၃၄ ခုနှစ်အထိ

မန္တလေး တပ်သို့ တပ်သား အဖြစ် ဝင်၍ ၁၉၄၀ ပြည့်နှစ်မှစပြီး ဗြိတိသျှ တပ်မတော် (BMP) အတွင်းမြေအောက် တော်လှန်ရေး၊ စစ်ရေးနှင့် နိုင်ငံရေး လုပ်ခဲ့ပါသည်။ အမှတ် ၇၊ ၆၊ ၁၀ သေနတ်ကိုင် တပ်ရင်းများတွင် အရာခံဗိုလ်အထိ ထမ်းဆောင် ခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

ဘီအိုင်အေ ဖွဲ့သောအခါ ရမည်းသင်းမြို့ တပ်မှူးတာဝန်ယူပြီး ယင်းနယ်တဝိုက် တရုတ် စစ်ပြေးများအား တိုက်ခိုက်သည်။ ဘီအိုင်အေ၊ ဘီဒီအေတွင် စစ်မှုထမ်းပြီး ဗိုလ်သင်တန်း အပတ်စဉ် ၁ သို့ တက်၍ ပဲခူးရိုးမတွင် ဂျပန်တော်လှန်ရေးပြီးသည်အထိ ပါဝင်ခဲ့သည်။ သေနတ်ကိုင်တပ်ရင်း ၄ တွင် တပ်ရင်းမှူး အဆင့် အထိ ဆောင်ရွက်ခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

၁၉၄၈ ခုနှစ် ပုသိမ်တပ်ဖွဲ့မှူး တာဝန်ယူစဉ် ကေအင်ဒီအိုများနှင့် တိုက်ပွဲဖြစ်၍ သူရဘွဲ့ ရသည်။ ၁၉၅၄ ခုနှစ်တွင် ဇေယျကျော်ထင် ဘွဲ့ရခဲ့သည်။ ပြည်ထောင်စု စစ်ရဲဌာနချုပ်တွင် ဒု စစ်ရဲချုပ်အဖြစ် ထမ်းဆောင်စဉ် ဒေသန္တရ ဗိုလ်မှူးကြီး အဆင့်ရခဲ့သည်။ တပ်မဟာ ၄၊ ၆ တို့တွင် တပ်မဟာမှူး၊ ယခင် တပ်မဟာ ၉ ယခု ကျိုင်းတုံတွင် ဗျူဟာမှူး တာဝန်တို့ကို ထမ်းခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

၁၉၆၂ ခုနှစ်တွင် တပ်မတော် စစ်ဆေးရေး အရာရှိချုပ်အဖြစ် တာဝန်ယူပြီး ပြန်လည် နေရာချထားရေး ဘုတ်အဖွဲ့နှင့် စိုက်ပျိုးရေး ဌာနတွင် ညွှန်ကြားရေးဝန် အဖြစ် ပူးတွဲ ထမ်းဆောင်ခဲ့သည်။ ကာကွယ်ရေး ဝန်ကြီးဌာန ကြည်း ရေ လေ ပူးပေါင်း ကွပ်ကဲ ကြပ်မတ်ရေး အဖွဲ့ ဥက္ကဋ္ဌ၊ ကြည်း ရေ လေ ပူးပေါင်း ပညာပေးကော်မီတီ ဥက္ကဋ္ဌအဖြစ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန၏ ပါတီညီလာခံ ကိုယ်စားလှယ် အဖြစ် ရွေးချယ်ခြင်း ခံရပြီး ယခုတပ်မတော် စစ်ဆေးရေး အရာရှိချုပ်၊ ဗဟို အားကစားနှင့် ကာယပညာကော်မီတီဝင်၊ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပါတီလုပ်ငန်းစိစစ်ရေး ကော်မီတီဝင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး စည်းရုံးရေး ကော်မီတီဝင်နှင့် ပညာပေး ဆပ်ကော်မီတီ ဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်လျက် ရှိပါသည်။



အမည်။ ဦးမန်းလှသိန်း။

ပါတီဝင်အမှတ်။ ၁၀၀၀၅၃၂။

ပါတီဝင်သက်တမ်း။ ၉ နှစ် ၃ လ။

ပညာအရည်အချင်း။ မြန်မာ ၁၀ တန်းအောင်။

လူမျိုး။ ပိုးကရင်။

မွေးနေ့သက္ကရာဇ်။ ၁၅ - ၁၁ - ၂၀ **အသက် ၅၃ နှစ်။**

ရောဝတီတိုင်းဒေသပါတီကော်မီတီ ညောင်တုန်းမြို့နယ်

ပါတီယူနစ် ပါတီညီလာခံကိုယ်စားလှယ်

လက်ရှိပါတီတာဝန်။ ပါတီယူနစ်ဥက္ကဋ္ဌ။

လက်ရှိအလုပ်အကိုင်။ ပါတီယူနစ်ဥက္ကဋ္ဌ။

၁၉၂၀ ပြည့်နှစ်မှ ၁၉၄၂ ခုနှစ်အထိ

ငယ်စဉ်အခါက ဘုန်းကြီးကျောင်း၌ နေခဲ့ပြီး ၁၉၃၅ ခုနှစ်တွင် ကျောင်းပြောင်းပြီး ၁၉၄၂ခုနှစ်တွင် တိုင်းရင်းမြန်မာ ၁၀ တန်း အောင်မြင်ပါသည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

လယ်ယာနှင့် ကိုင်းလုပ်ခဲ့သည်။ ကရင်လူငယ်အစည်းအရုံးသို့ ဝင်ပြီး အတွင်းရေးမှူး အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ကူးသန်း ရောင်းဝယ်ရေးကျောင်း တက်ပြီး ၁၉၄၈ ခုနှစ်တွင် ကရင်ရေးရာ ညွန်ကြားရေးဝန်ရုံး၌ လက်ရေးတို စာရေးအဖြစ် အမှုထမ်း ပါသည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

၁၉၅၂ ခုနှစ်တွင် ကရင်ပြည်နယ် ကောင်စီရုံးသို့ ပြောင်းရွှေ့အမှုထမ်းခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ဘားအံသို့ ရုံးပြောင်းရာတွင် လိုက်ပါခဲ့ပြီး ဘားအံတွင်ပင် ဆက်လက် အမှုထမ်း ပါသည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

ကရင်ပြည်နယ်ဦးစီးဌာနခွဲစာရေးကြီး၊ ပတက ၁၀ ရုံးအုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ အခြေခံနိုင်ငံရေးသင်တန်း အမှတ်စဉ် ၅ သို့ တက်ပြီး ကြာအင်းဆိပ်ကြီးပါတီယူနစ်နှင့်ဘားအံ ပါတီယူနစ် အတွင်းရေးမှူး တာဝန်ယူခဲ့သည်။မှမ်းမံသင်တန်း အမှတ်စဉ် ၄ သို့ တက်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ညောင်တုန်း ပါတီယူနစ် ဥက္ကဋ္ဌ၊ ညီလာခံ ကိုယ်စားလှယ် (ပထမအကြိမ် ပါတီညီလာခံအရန်သဘာပတိ)၊ ဒုတိယအကြိမ်ပါတီညီလာခံကိုယ်စားလှယ်အဖြစ် ရွေးချယ် ခံရပြီး ယခုအခါ ညောင်တုန်းပါတီယူနစ်ဥက္ကဋ္ဌတာဝန် ထမ်းဆောင်လျက် ရှိသည်။



အမည်။ ဦးမန်းသာမြိုင်။

ပါတီဝင်အမှတ်။ ၁၀၀၀၁၆၈။

ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၄ လ။

ပညာအရည်အချင်း။ မြန်မာ ၁၀ တန်းနှင့် အထက်တန်းပြဆရာဖြစ်အောင်။

လူမျိုး။ ကရင်။

မွေးနေ့သက္ကရာဇ်။ ၁၆-၁-၁၄ **အသက်** ၅၉ နှစ်

ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်

လက်ရှိပါတီတာဝန်။ ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်။

၁၉၁၄ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

မနုဖြူမြို့တွင် အထက်တန်းပြ ဆရာအဖြစ် လုပ်ကိုင်ရင်း မြန်မာကျောင်းဆရာများအသင်း အတွင်းရေးမှူး အဖြစ်နှင့် ကိုလိုနီ ပညာရေး စနစ်ကို တိုက်ဖျက်ခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

၁၉၄၂ ခုနှစ်တွင် ကျုံပျော်မြို့ ဘီအိုင်အေ အုပ်ချုပ်ရေးတွင် တွဲဖက်ပညာရေး တာဝန်ခံ အဖြစ်နှင့် ကရင်-မြန်မာ ချစ်ကြည်ရေးအတွက် ဆောင်ရွက်ခဲ့သည်။ မနုဖြူမြို့တွင် မြန်မာ-အင်္ဂလိပ် အလယ်တန်း ကျောင်းအုပ်နှင့် ကျောင်းဆရာအသင်း ဥက္ကဋ္ဌ လုပ်ခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

၁၉၄၉ ခုနှစ်တွင် တောခိုပြီး ကေအင်န်ယူပါတီ ပေါ်လစ်ဗျူရို အတွင်းရေးမှူးနှင့် ကော်သူးလေ တောင်သူလယ်သမား သမဂ္ဂ တာဝန်ခံ၊ ကရင်တော်လှန်ရေး ကောင်စီတွင် အလုပ်အမှုဆောင်အဖွဲ့ဝင် လယ်ယာနှင့် သစ်တော တာဝန်ခံအဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

၁၉၆၃–၆၄ ခုနှစ်တွင် လမ်းစဉ်ပါတီ တိုင်းကြီးကြပ်ရေး ကော်မီတီ တိုင်းခွဲ ၁၀ နှင့် တပ်မဟာ ၁၁ တို့တွင် တိုင်းရင်းသား ကေဒါ၊ ၁၉၆၅ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ယင်းတိုင်းခွဲတွင်အလုပ်သမားရေးရာမှူးနှင့် ဗဟို ပြည်သူ့ အလုပ်အမားကောင်စီဝင်၊ ၁၉၇၁ ခုနှစ်မှ ယနေ့အထိ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီဝင်နှင့် ပါတီလုပ်ငန်း စိစစ်ရေး ကော်မီတီဝင်အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

အမည်။ ဦးမောင်ညို။

ပါတီဝင်အမှတ်။ ၁၀၀၀၃၆၀။

ပါတီဝင်သက်တမ်း။ ၁၀ နှစ်။

ပညာအရည်အချင်း။ မြန်မာ ၁၀ တန်းအောင်။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၂၄-၂-၂၄ **အသက်** ၅၀ နှစ်။

ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်

လက်ရှိပါတီတာဝန်။ ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ အငြိမ်းစား (စစ်မှုထမ်း)။

၁၉၂၄ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

ကြို့ပင်ကောက်မြို့၌ မွေးဖွား၍ ကျောင်းနေခဲ့ဖြစ်ပါသည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

၁၉၄၄ ခုနှစ်တွင် မင်္ဂလာဒုံ ဗိုလ်သင်တန်း တတိယပတ်တက်ပြီး မိတ္ထီလာတပ်ရင်း ၅ တွင် တပ်စုမှူးတာဝန်နှင့် တော်လှန်ရေးတွင် တိုင်း ၆ နယ်မြေအတွင်း ထမ်းဆောင်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် သနက ၄ ပြည်မြို့၌ တပ်သားသစ်မှ စတင် အမှုထမ်းခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

၁၉၅၀ ပြည့်နှစ်တွင် တတိယပတ် ဗိုလ်သင်တန်းကို မေမြို့၌ တက်ပြီး ခလရ ၂ တွင် ထမ်းဆောင်၍ ဒေသန္တရစစ်ဆင်ရေးနှင့် တရုတ်ဖြူ စစ်ဆင်ရေးများတွင် ပါဝင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် အမှတ် ၆ ပြည်စောင့်ရဲတပ်ရင်း (ကွမ်းလုံ) ၌ တာဝန် ထမ်းဆောင်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

၁၉၆၃ ခုနှစ်တွင် တာချီလိတ် နယ်ခြားဝန်နှင့် ကျိုင်းတုံ နယ်ခြားဝန်၊ ၁၉၆၄ ခုနှစ်တွင် ခလရ ၇ တပ်ရင်းမှူး၊ ၁၉၆၇ ခုနှစ်နှင့် ၆၈ ခုနှစ်တွင် တပ်မ ၈၈၊ ၉၉ မှ တပ်ရင်းမှူး၊ ၁၉၆၈ ခုနှစ်တွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဦးစီး (ပ) ရေး/ထောက်၊ ၁၉၇၀ ပြည့်နှစ်တွင် တိုင်းခွဲ ၁၀ ၌ ဒုဗိုလ်မှူးကြီး တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ပထမအကြိမ်ပါတီညီလာခံ၌ ပါတီလုပ်ငန်းစိစစ်ရေး ကော်မီတီဝင် အဖြစ် ရွေးချယ်ခံရပြီး ယင်းကော်မီတီတွင် ယနေ့အထိ အချိန်ပြည့် တာဝန် ထမ်းဆောင်လျက် ရှိပါသည်။

အမည်။ ဦးမောင်မောင်ကျော်ဝင်း။

ပါတီဝင်အမှတ်။ ၁၀၀၀၁၆၄။

ပါတီဝင်သက်တမ်း။ ၉ နှစ် ၉ လ။

ပညာအရည်အချင်း။ မဟာဝိဇ္ဇာ(ဂုဏ်ထူး)
ဝတ်လုံတော်ရ။

လူမျိုး။ မွန်-မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၅-၁၁-၀၉ **အသက်** ၆၄ နှစ်။

ရန်ကုန်တိုင်းဒေသပါတီကော်မီတီ ပန်းဘဲတန်းမြို့နယ်

ပါတီယူနစ် ပါတီညီလာခံကိုယ်စားလှယ်

လက်ရှိပါတီတာဝန်။ ပါတီစိတ်ကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ ပြည်သူ့ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေး အဖွဲ့ဝင်။

၁၉၀၉ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

တက္ကသိုလ်ကျောင်းသားဘဝတွင် ကျောင်းသားသမဂ္ဂ၊ စာပေ၊ လူမှုရေးနှင့် အားကစား အသင်းများ၌လည်းကောင်း၊ ပြင်ပတွင် ပညာရေး၊ လူမှုရေး အဖွဲ့အစည်းလုပ်ငန်းများ၌ လည်းကောင်း ပါဝင်ပြီး ဥက္ကဋ္ဌ၊ အမှုဆောင် စသည့် တာဝန်ယူခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

ဗမာ့ ကာကွယ်ရေး တပ်မတော်၊ ဗမာ့ တပ်မတော်၊ မျိုးချစ် ဗမာ့တပ်မတော်တို့တွင် တပ်ရေးချုပ် တာဝန်အထိ ထမ်းဆောင်လျက် ဂျပန်တော်လှန်ရေးအပြီး ကန္ဒီစာချုပ် ချုပ်ရာ တွင် ကိုယ်စားလှယ်အဖွဲ့၌ ပါဝင်ခဲ့သည်။ ယင်းစာချုပ်အရ ပြန်လည် ဖွဲ့စည်းသော ဗမာ့တပ် မတော်တွင် ဆက်လက်ထမ်းရွက်ခဲ့သည်။ ကာကွယ်ရေးဌာန တွဲဖက်အတွင်းဝန်နှင့် ကာကွယ်ရေး ဝန်ကြီး၏ စစ်ဖက်အတွင်းဝန် တာဝန် ထမ်းဆောင်ခဲ့သည်။ မော်ကွန်းဝင် ဒု အဆင့်ဖြစ်သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

ကာကွယ်ရေး ဝန်ကြီးဌာနတွင် စစ်ရေးချုပ် တာဝန် ထမ်းဆောင်ခဲ့ပြီး ၁၉၅၉ ခုနှစ်တွင် တရုတ်နှင့် မွန်ဂိုလျပြည်များ၌ မြန်မာသံအမတ်ကြီးအဖြစ် ထမ်းရွက်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

သံအမတ်တာဝန်နှင့် အတူ တရုတ်ပြည်ရှိ သံတမန်အဖွဲ့ နာယကလည်းဖြစ်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ် တာဝန် ပြန်ထမ်းဆောင်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံဘဏ် ဒါရိုက်တာနှင့် ရာထူးဝန်အဖွဲ့ဝင် တာဝန်များ ပူးတွဲ ထမ်းဆောင်ရသည်။ ၁၉၆၅–၇၀ ပြည့်နှစ်တွင် တပ်မတော် တပ်တွင်းပညာပေး ဗဟို အဖွဲ့ဝင်ဖြစ်သည်။ ၁၉၇၁ ခုနှစ်တွင် စစ်မှုထမ်းခြင်းမှ အငြိမ်းစားယူပြီး ပြည်သူ့ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့တွင် အချိန်ပြည့် ဆောင်ရွက်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ကလာပ်စည်း ခေါင်းဆောင်၊ ၁၉၇၃ ခုနှစ်တွင် ပါတီစိတ်ကော်မီတီဝင် တာဝန်များ ထမ်းဆောင်သည်။ ယခုအခါ ပါတီဦးဆောင်မှု ဖြင့် ဖွဲ့စည်းမည့် စစ်ပြန် စစ်မှုထမ်းဟောင်းများ အဖွဲ့ ဖြစ်မြောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တာဝန်နှင့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မီရှင် အဖွဲ့ဝင် တာဝန် ထမ်းဆောင်လျက်



အမည်။ ဗိုလ်မှူးကြီး မျိုးအောင်။

ပါတီဝင်အမှတ်။ ၁၀၀၁၀၉၉။

ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၆ လ။

ပညာအရည်အခြင်း။ အင်္ဂလိပ် - မြန်မာ ၈ တန်း။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၄ - ၆ - ၂၇ အသက် ၄၆ နှစ်။

တပ်မတော်ပါတီညီလာခံကိုယ်စားလှယ်

လက်ရှိပါတီတာဝန်။ တိုင်းစည်းရုံးရေးကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ ဒုတိယ တိုင်းမှူး။

၁၉၂၇ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

ပေါက်ခေါင်းမြို့ ပေါက်တောရွာတွင် မွေးဖွားသည်။ ၁၉၄၂ ခုနှစ်အထိ ပေါင်းတည်မြို့ အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

ဖက်ဆစ် ဂျပန် တော်လှန်ရေးတွင် တိုင်း ၁ မင်းလှစည်သူ၏ တပ်ရင်း ၄ သို့ ဝင်ရောက်ခဲ့သည်။ ပဲခူးရိုးမနှင့် စစ်တောင်းမြစ် တလျှောက် တိုက်ခဲ့ပြီး ဗမာ့မျိုးချစ် တပ်မတော်ကို ဖျက်သိမ်းပြီးနောက် ၉ - ၁ - ၄၆ ရက်နေ့တွင် သေနတ်ကိုင် တပ်ရင်း ၄ သို့ ဝင်ရောက်ခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

တပ်သား၊ ဒု တပ်ကြပ်၊ တပ်ကြပ်၊ တပ်ကြပ်ကြီးအဖြစ် အမှုထမ်းပြီး ၁၁ - ၁၁ - ၄၉ ရက်နေ့တွင် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခံရသည်။ တပ်ခွဲမှူး၊ စစ်ဦးစီးမှူး(တတိယတန်း)၊ ဒု တပ်ရင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး၊ တပ်ရင်းမှူး၊ စစ်ဦးစီးမှူး(ပထမတန်း)၊အမြောက်နှင့်သံချပ်ကာ ဒု ညွှန်ကြားရေးမှူး၊ ဗဟို လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီအဖွဲ့ဝင်အဖြစ် အမှုထမ်းခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

ကုန်သွယ်ရေးဝန်ကြီးဌာန ဗဟိုကုန်သွယ်ရေးတွင် တာဝန် ထမ်းဆောင်ပြီးနောက် တပ်ရင်းမှူး၊ စစ်ဦးစီးမှူး (ပထမတန်း)၊ ဒုတိယတိုင်းမှူး တာဝန်များကို ယနေ့အထိ ထမ်းဆောင်လျက်ရှိသည်။ ပထမအကြိမ် ပါတီညီလာခံ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခြင်း ခံရသည်။

အမည်။ ဗိုလ်မှူးချုပ်မြင့်မောင်။

ပါတီဝင်အမှတ်။ ၁၀၀၀၀၂၉။

ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၆ လ။

ပညာအရည်အချင်း။ ဥပစာ သိပ္ပံ။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၁၀-၃-၂၁ **အသက်** ၅၂ နှစ်။

ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်

လက်ရှိပါတီတာဝန်။ ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ စစ်ရေးချုပ် ကာကွယ်ရေးဝန်ကြီးဌာန။

၁၉၃၁ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

မန္တလေးမြို့ ဥပစာ ကောလိပ်တွင် ကျောင်းသား၊ ကျောင်းသားများ သမဂ္ဂ လှုပ်ရှားမှုနှင့် ကျောင်းသား သပိတ်တွင် ကျောင်းသား သမဂ္ဂ အမှုဆောင် အဖြစ် ပါဝင် ခဲ့ပါသည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

ဗမာ့ လွတ်လပ်ရေး တပ်မတော်တွင် တပ်ခွဲမှူး၊ ဗမာ့ ကာကွယ်ရေး တပ်မတော်တွင် တဆက် တည်း အမှုထမ်းသည်။ ကိုယ်ရံတော် ကင်းတပ် တပ်မှူး၊ ဖက်ဆစ် တော်လှန်ရေးတွင် စစ် ကြောင်း ၄ စစ်ကြောင်းမှူး အဖြစ် သရက်ခရိုင် မဒေးချောင်း အထက်ပိုင်း ဒေသကို တာဝန် ယူရသည်။ ဗိုလ်ချုပ် အောင်ဆန်း၏ စစ်ဌာနချုပ် သရက်ချောင်းရွာ (မဒေးချောင်းဖျား) သို့ ပြောင်းရွှေ့လာသောအခါ မိမိတပ်များက ဌာနချုပ် လုံခြုံရေး တာဝန်ကို ယူရသည်။ ထို့နောက် အထက်ဗမာပြည်တိုင်းသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရသည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

တပ်ရင်းမှူး၊ ဦးစီးအရာရှိ (ပထမတန်း) စသည်ဖြင့် **တပ်မတော်တွင်** တဆက်တည်း တာဝန် ထမ်းဆောင် ရပါသည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

ဌာနခွဲ တာဝန်ခံ သမဝါယမဌာနခွဲ၊ ဌာနမှူး စီမံခန့်ခွဲရေးဌာန ပါတီဌာနချုပ်၊ ပြည်သူ့ ဘဏ်ဒါရိုက်တာအဖွဲ့ဝင်၊ မြန်မာနိုင်ငံကြက်ခြေနီ အသင်း ဗဟို ကောင်စီဝင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာ ကော်မီတီ အလုပ်အမှုဆောင်ကော်မီတီဝင်၊ ပြန်လည် နေရာချထားရေး အဖွဲ့ဥက္ကဋ္ဌ၊ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီ စသည်ဖြင့် တာဝန် များ ထမ်းဆောင်ခဲ့သည်။ ပြည်သူ့ တပ်မတော် စာစဉ် စာမူ စိစစ်ရေး အဖွဲ့ ဥက္ကဋ္ဌနှင့် လွတ် လပ်ရေး မော်ကွန်း ကော်မီတီ ဥက္ကဋ္ဌ၏ တာဝန်များကို လက်ရှိ ထမ်းဆောင်လျက် ရှိပါသည်။

အမည်။ ဦးလှဘုန်း။

ပါတီဝင်အမှတ်။ ၁၀၀၀၁၃၆။

ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၅ လ။

ပညာအရည်အချင်း။ ဥပစာတန်းအောင်။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၂၂-၂-၂၂ **အသက်** ၅၂ နှစ်။

ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်

လက်ရှိပါတီတာဝန်။ ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ ဒုတိယဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန။

၁၉၂၂ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

ဟံသာဝတီခရိုင် သုံးခွမြို့ မင်းရွာ၌ မွေးဖွားပြီး ၁၉၃၆ ခုနှစ်တွင် မြောင်းမြမြို့သို့ ပြောင်းရွှေ့၍ မြန်မာ ၁၀ တန်း အောင်ခဲ့သည်။ ရန်ကုန်မြို့တွင် အင်္ဂလိပ်-မြန်မာ အလွတ်ပညာသင်ကျောင်း၌ ပညာ ဆက်လက် သင်ကြားခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ

၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေး တပ်မတော်သို့ ဝင်ခဲ့သည်။ မင်္ဂလာဒုံ ဗိုလ်သင်တန်းနှင့် ဂျပန် စစ်တက္ကသိုလ်သို့ တက်ခွင့်ရသည်။ ၁၉၄၆ ခုနှစ်တွင် သနက ၄ သို့ တပ်သားအဖြစ် ပြန်ဝင်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်အပ်ခြင်း ခံရပြီး တပ်စုမှူး တာဝန် ထမ်းဆောင်ခဲ့သည်။

၁၉၄၇ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

ဗိုလ်သင်တန်းကျောင်းတွင် နည်းပြဆရာ၊ ခလရ ၂ တွင် တပ်ခွဲမှူး၊ အကြပ်သင်ကျောင်းတွင် နည်းပြဆရာ၊ တိုက်ခိုက်ရေးကျောင်း တပ်ခွဲမှူး သင်တန်းတွင် နည်းပြမှူးချုပ်၊ ခလရ ၂၇ နှင့် ခလရ ၁၀ တို့တွင် တပ်ရင်းမှူး တာဝန်နှင့် တောင်ပိုင်းတိုင်းတွင် စစ်ဦးစီး (ပ)အဖြစ် ထမ်းဆောင်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

ရတခတွင် တိုင်းဦးစီးချုပ်၊ လပခတွင် ဒုတိုင်းမှူး၊ ၁၉၆၃ ခုနှစ်တွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်တိုင်း လအက ဥက္ကဋ္ဌ၊ ရန်ကုန်မျူနီစီပယ်မင်းကြီးနှင့် ရန်ကုန်မြို့တော်ဝန်၊ လမ်းစဉ်ပါတီ တိုင်းကြီးကြပ်ရေး ကော်မီတီ ရန်ကုန်တိုင်း တိုင်းကြီး ဥက္ကဋ္ဌ တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၆၉ ခုနှစ်မှ ယနေ့အထိ နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီး တာဝန်ကို လည်းကောင်း၊ ၁၉၇၁ ခုနှစ်မှ ယနေ့အထိ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပါတီလုပ်ငန်းစိစစ်ရေး ကော်မီတီဝင်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်လျက် ရှိပါသည်။



အမည်။ ဦးလှဝင်း။

ပါတီဝင်အမှတ်။ ၁၀၀၀၀၅၅။

ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၄ လ။

ပညာအရည်အချင်း။ ဘီအေ၊ ဘီအယ်လ်။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၅-၃-၂၈ အသက် ၄၆ နှစ်။

ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်

လက်ရှိပါတီတာဝန်။ ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ ညွှန်ကြားရေးမှူး

အထက်တန်းပညာဦးစီးဌာန။

၁၉၂၈ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

၁၉၃၉–၄၀ ပြည့်နှစ် ပခုက္ကူမြို့ သံမဏိ ကျောင်းသားတပ်ဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

၁၉၄၄–၄၅ ခုနှစ်တွင် ပဋိမပတ် ဗိုလ်သင်တန်းသို့ တက်ရင်း ဂျပန်တော်လှန်ရေး၌ ပါဝင်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် စစ်ပြန်ရဲဘော်များ စည်းရုံးရေးအဖွဲ့ဝင်၊ ၁၉၄၆–၄၇ ခုနှစ်တွင် ပခုက္ကူမြို့ ပြည်သူ့ရဲဘော်အဖွဲ့ ခရိုင်ကော်မီတီအဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

၁၉၄၉ ခုနှစ်တွင် မြန်မာနိုင်ငံ ကျောင်းသားသမဂ္ဂ အတွင်းရေးမှူး၊ ၁၉၅၁ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများ အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ၁၉၅၂ ခုနှစ် တက္ကသိုလ် ကျောင်းသားများသမဂ္ဂ အိုးဝေ မဂ္ဂဇင်းတာဝန်ခံ၊ ၁၉၅၆ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ပမညတ တွင် သဘာပတိအဖွဲ့ဝင်နှင့် အတွင်းရေးမှူး -၂၊ ရန်ကုန်ခရိုင် ပမညတ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

၁၉၆၃ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန အထူးအရာရှိ၊ တက္ကသိုလ်များ ဗဟိုကောင်စီဝင် ပညာရေးအဖွဲ့များကောင်စီ အတွင်းရေးမှူး၊ ပါတီစည်းရုံးရေး ဗဟိုကော်မီတီ ဌာနချုပ် လူထုရေးရာဌာန ကော်မီတီ (အချိန်ပိုင်း) တာဝန်များကို ဆောင်ရွက်ပြီး ယခုအခါ အထက်တန်း ပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး တာဝန် ထမ်းဆောင်လျက် ရှိပါသည်။

အမည်။ ဦးသီဟန်။ ၂၅



ပါတီဝင်အမှတ်။ ၁၀၀၀၀၁၆။

ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၁ လ။

ပညာအရည်အချင်း။ သိပ္ပံ နောက်ဆုံးနှစ်။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၆-၉-၁၂ အသက် ၆၁ နှစ်။

ရန်ကုန်တိုင်းဒေသပါတီကော်မီတီ ပန်းဘဲတန်းမြို့နယ် ပါတီယူနစ် ပါတီညီလာခံကိုယ်စားလှယ်

လက်ရှိပါတီတာဝန်။ ပါတီကလာပ်စည်းအဖွဲ့ဝင်။

လက်ရှိအလုပ်အကိုင်။ ကုန်သွယ်ရေး ကောင်စီ၏ အလုပ်အမှုဆောင်ကော်မီတီဝင်။

၁၉၁၂ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

၁၉၂၉ ခုနှစ်တွင် တက္ကသိုလ် ရောက်၍ လူငယ်အစည်းအရုံး အတွင်းရေးမှူး၊ ဥက္ကဋ္ဌ၊ အရန်တပ်ဖွဲ့ဝင်၊ မြန်မာအသင်း ကော်မီတီဝင်၊ ကျောင်းသားသမဂ္ဂ အထွေထွေအတွင်းရေးမှူး၊ ပုဂံကျောင်းဆောင် သဟာယ အသင်းဥက္ကဋ္ဌ၊ နိုင်ငံလုံးဆိုင်ရာ သပိတ်မှောက် ကောင်စီ အထွေထွေ အတွင်းရေးမှူး အဖြစ် အဆင့်ဆင့် တာဝန် ထမ်းဆောင်ခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

ဘီအိုင်အေဗိုလ်၊ ဂျပန်ခေတ် ဗမာ့အစိုးရတွင် သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေးဌာန လက်ထောက် ညွှန်ကြားရေးဝန်၊ ဘီဒီအေ ဖြည့်တင်းရေး တပ်ဗိုလ်ကြီး၊ မျိုးချစ်တပ်မတော်တွင် အမှတ် ၁ တိုင်း စစ်ဌာနချုပ်၌ တပ်ရေး၊ တပ်မှူးအဖြစ် လည်းကောင်း၊ ရန်ကုန် စစ်ရုံးချုပ်တွင် ဒု စစ်ထောက်ချုပ်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ပေါင်းတည်မြို့ ဖဆပလ ဥက္ကဋ္ဌ၊ ပြည်သူ့ ရဲဘော် တပ်ဖွဲ့ ခေါင်းဆောင်နှင့် ဆိုရှယ်လစ် ပါတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

၁၉၄၈–၅၀ ပြည့်နှစ်တွင် ပြည်သူ့ထောက်ပံ့ရေးလက်ထောက်အုပ်ချုပ်ရေးမှူး၊ ၁၉၅၀–၅၇ ခုနှစ်တွင်စစ်ပစ္စည်း ထောက်ပံ့ရေး ညွှန်ကြားရေးဝန်၊ ၁၉၅၇–၅၉ ခုနှစ်တွင် စစ်ပစ္စည်း ထုတ်လုပ်ရေး ညွှန်ကြားရေးမှူး၊ ၁၉၅၉–၆၁ ခုနှစ် အိမ်စောင့်အစိုးရအဖွဲ့တွင်ကုန်သွယ်ရေး၊စက်မှုလက်မှု၊ သမဝါယမဌာနများ ဝန်ကြီးအဖြစ် အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

၁၉၆၂–၆၉ ခုနှစ် တော်လှန်ရေး အစိုးရအဖွဲ့တွင် နိုင်ငံခြားရေး၊ အိမ်ရာ ဆောက်လုပ်ရေး၊ အလုပ်သမားရေးရာနှင့် သတ္တုတွင်း စီမံကိန်း ဌာနတို့၏ ဝန်ကြီး၊ ၁၉၆၉–၇၂ ခုနှစ် စစ်ပစ္စည်းဝယ်ယူမှု ညွှန်ကြားရေးမှူး၊ ၁၉၇၂ ခုနှစ်မှ ယခုအထိ ကုန်သွယ်ရေး ကောင်စီ၏ အလုပ်အမှုဆောင် ကော်မီတီဝင် တာဝန် ထမ်းဆောင်လျက် ရှိပါသည်။

အမည်။ ဦးသန်းစိန်။

ပါတီဝင်အမှတ်။ ၁၀၀၀၀၀၈။

ပါတီဝင်သက်တမ်း။ ၁၁ နှစ် ၂ လ။

ပညာအရည်အချင်း။ ဒုတိယနှစ် သိပ္ပံ။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၁-၁၁-၁၈ **အသက်** ၅၅ နှစ်။

ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်

လက်ရှိပါတီတာဝန်။ အတွင်းရေးမှူး ပါတီလုပ်ငန်း စိစစ်ရေးကော်မီတီ။

လက်ရှိအလုပ်အကိုင်။ ဝန်ကြီး ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန။

၁၉၁၈ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

ကျောင်းသား၊ စစ်သား **BRNVR**။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

တပ်ကြပ်ကြီး **BDA**၊ ဒုဗိုလ် **PBF**။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

ဒုဗိုလ် တပ်မတော်၊ ဗိုလ်မှူးကြီး တပ်မတော်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

တော်လှန်ရေး ကောင်စီဝင်။

အမည်။ ဦးသိန်းဝင်း။

ပါတီဝင်အမှတ်။ ၁၀၀၂၆၄၀။

ပါတီဝင်သက်တမ်း။ ၁၀ နှစ်။

ပညာအရည်အခြင်း။ အင်ဂျင်နီယာ သိပ္ပံ။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၂၅-၆-၂၀ **အသက်** ၅၃ နှစ်။

အရန်ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်

လက်ရှိပါတီတာဝန်။ အရန်ပါတီလုပ်ငန်းစိစစ်ရေး ကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ချူနီစီပယ်။

၁၉၂၀ ပြည့်နှစ်မှ ၁၉၄၂ ခုနှစ်အထိ

ညောင်လေးပင်မြို့ အမျိုးသား အထက်တန်းကျောင်းတွင် ၇ တန်း အောင်သည်။ ရန်ကုန်မြို့ မြို့မ အမျိုးသား အထက်တန်းကျောင်းမှ ၁၀ တန်း အောင်သည်။ ရန်ကုန်တက္ကသိုလ်တွင် သိပ္ပံဝိဇ္ဇာ (က) အောင်သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ

၁၉၄၂ ခုနှစ် မတ်လတွင် ရန်ကုန်၌ ဗမာ့လွတ်လပ်ရေး တပ်မတော်သို့ ဝင်သည်။ တောင်ငူမြို့ တာဝန်ခံ ဖြစ်သည်။ ပြန်လည်ဖွဲ့စည်းရာတွင် စစ်ထောက်ချုပ်ဌာန စစ်ဝန်ကြီး ရုံးနှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ် လ/ထ စစ်ထောက်ချုပ် ဖြစ်သည်။ တော်လှန်ရေး၌ ရန်ကုန်မြို့ကို ပြန်လည်သိမ်းရာတွင် ပါဝင်သည်။ မော်ကွန်းဝင် ပထမဆင့် ရသည်။ ၁၀-၁-၄၆ ရက်နေ့တွင် အင်ဂျင်နီယာတပ်ဖွဲ့၌ ပြန်တမ်းဝင်အရာရှိ ဖြစ်သည်။ ၁၉၄၆–၄၇ ခုနှစ်တွင် အိန္ဒိယပြည် စစ်အင်ဂျင်နီယာ သင်တန်းများ အဆင့်ဆင့် တက်သည်။

၁၉၄၇ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

မန္တလေး၊ မေမြို့တွင် သောင်းကျန်းသူ နှိမ်နင်းသည့် တိုက်ပွဲများတွင် ပါခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် အင်္ဂလန်နှင့် ၁၉၅၅ ခုနှစ်တွင် အိန္ဒိယ၌ စစ်အင်ဂျင်နီယာဘွဲ့ သင်တန်း အောင်သည်။ တပ်ခွဲများတွင် တပ်ခွဲမှူးတာဝန် ယူခဲ့ပြီး ၁၉၆၁ ခုနှစ်တွင် အင်ဂျင်နီယာ တပ်ရင်းမှူး ဖြစ်သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

၁၉၆၄ ခုနှစ်တွင် ဒုဗိုလ်မှူးကြီး ဖြစ်သည်။ နမခတွင် စိုက်ပျိုးရေးနှင့် စက်မှုလက်မှု ကြီးကြပ်ရေး ကော်မီတီ ဥက္ကဋ္ဌ၊ တည်ဆောက်ရေး ကော်မီတီ ဥက္ကဋ္ဌ၊ ပြည်သူ့ဘဏ်အထွေထွေ မန်နေဂျာ၊ မေမြို့ နလက ဥက္ကဋ္ဌ ဖြစ်သည်။ ၁၉၇၂ ခုနှစ် ဩဂုတ်လတွင် မြို့တော်မျူနီစီပယ် မင်းကြီး ဖြစ်သည်။ ရန်ကုန်တိုင်း လအက အဖွဲ့ဝင်၊ ဗဟိုပြည်သူ့လုပ်သားကောင်စီ အလုပ်အမှုဆောင် ကော်မီတီဝင်၊ ကြက်ခြေနီအသင်း ဗဟိုကော်မီတီဝင်၊ ဗဟိုသမဝါယမ ဖွဲ့စည်းရေး ကော်မီတီဝင် ဖြစ်သည်။



အမည်။ ဦးအောင်ချိန်။

ပါတီဝင်အမှတ်။ ၁၀၀၀၀၉၀။

ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၃ လ။

ပညာအရည်အချင်း။ အင်္ဂလိပ်-မြန်မာ ၉ တန်း။

လူမျိုး။ မြန်မာ။

မွေးနေ့သက္ကရာဇ်။ ၁၄-၄-၁၈ အသက် ၅၇ နှစ်။

ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်

လက်ရှိပါတီတာဝန်။ ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ အငြိမ်းစား(စစ်မှုထမ်း)။

၁၉၁၈ ခုနှစ်မှ ၁၉၂၄ ခုနှစ်အထိ

၁၉၃၇ ခုနှစ်ထိ ကျောင်းသား၊ ၁၉၃၉ ခုနှစ်ထိ ကုမ္ပဏီတွင် အရောင်းစာရေး၊ ၁၉၄၂ ခုနှစ်ထိ ထားဝယ် သတ္တုမိုင်းတွင် မိုင်းကြီးကြပ်သူအဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

၁၉၄၃ ခုနှစ်ထိ ထားဝယ်သတ္တုမိုင်း၊ ၁၉၄၆ ခုနှစ်တွင် ဗမာအင်ဂျင်နီယာတပ်တွင် တပ်သား အဖြစ် ဝင်၍ စစ်မှုထမ်းသည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

၁၉၄၉ ခုနှစ်တွင် ပြန်တမ်းဝင် အရာရှိ ဖြစ်ပြီး ၁၉၆၂ ခုနှစ်ထိ မြန်မာပြည် အနှံ့ တပ်မတော် တာဝန်ကို ထမ်းဆောင်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

၁၉၆၈ ခုနှစ်ထိ တပ်မတော် တာဝန်၊ ၁၉၆၉ ခုနှစ်တွင် ပတက ၉ ဒုတိယ ဥက္ကဋ္ဌ တာဝန်၊ ၁၉၇၂ ခုနှစ်တွင် ဒု ဗိုလ်မှူးကြီးအဖြစ်မှ အငြိမ်းစား ယူခဲ့ပါသည်။ ပထမအကြိမ် ညီလာခံမှ ပါတီလုပ်ငန်းစိစစ်ရေးကော်မီတီတွင် ရွေးချယ်ခံရပြီး အချိန်ပြည့် ကော်မီတီဝင်အဖြစ် ယနေ့ထိ ပါတီတာဝန်များကို ထမ်းဆောင်လျက် ရှိပါသည်။



အမည်။ ဦးအောင်ဘ။

ပါတီဝင်အမှတ်။ ၁၀၀၀၅၀၉။

ပါတီဝင်သက်တမ်း။ ၉ နှစ် ၂ လ။

ပညာအရည်အချင်း။ ဉပစာသိပ္ပံ အပိုင်း (ခ)။

လူမျိုး။ အင်းသား။

မွေးနေ့သက္ကရာဇ်။ ၁၆ - ၄ - ၃၁ **အသက်** ၄၂ နှစ်။

အရန်ပါဘီလုပ်ငန်းစိစစ်ရေးကော်မီတီဝင်

လက်ရှိပါတီတာဝန်။ အရန်ပါတီလုပ်ငန်း စိစစ်ရေး ကော်မီတီဝင်။

လက်ရှိအလုပ်အကိုင်။ ကယားပြည်နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီဝင်။

၁၉၃၁ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

ကျောင်းနေစဉ် ဖြစ်ပါသည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

၁၉၄၈ ခုနှစ်တွင် အင်းလေးကန် ကျောင်းသားသမဂ္ဂ တွဲဖက်အတွင်းရေးမှူးနှင့် ညောင်ရွှေ-အင်းလေး သတင်းထောက်များအသင်း အမှုဆောင်အဖြစ် လုပ်ကိုင်ခဲ့ပါသည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

၁၉၄၉ ခုနှစ်တွင် အင်းလေးကန် ကျောင်းသားသမဂ္ဂ အတွင်းရေးမှူး၊ ညောင်ရွှေ - အင်းလေး သတင်းထောက်များအသင်း အမှုဆောင်၊ ၁၉၅၅ ခုနှစ်တွင် မန္တလေး တက္ကသိုလ် ရှမ်းပြည်နယ် ကျောင်းသူ ကျောင်းသားများအသင်း ဥက္ကဋ္ဌ၊ ၁၉၅၆ ခုနှစ်တွင် မန္တလေး တက္ကသိုလ် ကျောင်းသားသမဂ္ဂအမှုဆောင်၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ကင်းထောက် ဆရာ (လွိုင်ကော် အထက်တန်းကျောင်း) အဖြစ် ပါဝင်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

၁၉၆၄ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ဝင်၍ ၁၉၆၆ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ဒီမောဆိုးမြို့နယ် ပါတီယူနစ်အတွင်းရေးမှူးနှင့် တွဲဖက် ဉက္ကဋ္ဌအဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၇၁ ခုနှစ် ဇူလိုင်လအထိ အမှတ် ၉ တိုင်းခွဲနယ်မြေ ဒီမောဆိုးမြို့နယ် ပါတီ ယူနစ်တွင် ဉက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၇၁ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ပါတီလုပ်ငန်း စိစစ်ရေး ကော်မီတီဝင် (အချိန်ပြည့်) အဖြစ် လည်းကောင်း၊ ကယားပြည်နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီဝင်အဖြစ် လည်းကောင်း ထမ်းဆောင်လျက် ရှိပါသည်။



အမည်။ ဦးအောင်သွင်။
ပါတီဝင်အမှတ်။ ၁၀၀၀၆၂၆။
ပါတီဝင်သက်တမ်း။ ၁၀ နှစ် ၈ လ။
ပညာအရည်အခြင်း။ ဥပစာသိပ္ပံ (ဒုတိယနှစ်)။
လူမျိုး။ မြန်မာ။
မွေးနေ့သက္ကရာဇ်။ ၁-၄-၂၉ အသက် ၄၄ နှစ်။
မန္တလေးတိုင်းဒေသပါတီကော်မီတီ မိုးကုတ်မြို့နယ်
ပါတီယူနစ် ပါတီညီလာခံကိုယ်စားလှယ်
လက်ရှိပါတီတာဝန်။ ပါတီယူနစ်ဥက္ကဋ္ဌ။
လက်ရှိအလုပ်အကိုင်။ ပါတီယူနစ်ဥက္ကဋ္ဌ။

၁၉၂၉ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ

အောဘိအမ် ကျောင်းတွင် ၇ တန်းအထိ သင်ကြားခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ

ဂျပန်ခေတ် ပဲခူးမြို့တွင် ကျောင်းနေပါသည်။ ၁၉၄၅ ခုနှစ်တွင် ပဲခူးမြို့အစိုးရအထက်တန်းကျောင်း၌နေပြီး ၁၀ တန်းအောင်၍ ၁၉၄၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ရောက်ပါသည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ

ဥပစာသိပ္ပံ (ဒုတိယနှစ်)အထိ ပညာသင်ကြားခဲ့ပြီး ၁၉၄၉ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်အထိ လေကြောင်း ပို့ဆောင်ရေးဌာနတွင် ပို့ဆောင်ရေးအရာရှိ၊ ၁၉၅၄ ခုနှစ်အထိ ပဲခူးမြို့ရဲတပ်ဖွဲ့တွင် ရဲအုပ်၊ ၁၉၅၄ ခုနှစ်မှစ၍ တပ်မတော် ခလရ ၂ တွင် တပ်စုမှူးအရာရှိ၊ ၁၉၅၈ ခုနှစ်မှစ၍ ဆသရ ၁၁၁ တွင် တပ်စုမှူး၊ တပ်ခွဲမှူးအရာရှိအဖြစ် တာဝန်များထမ်းဆောင်ခဲ့ပါသည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ

၁၉၆၃ ခုနှစ်မှ ယနေ့အထိ လမ်းစဉ်ပါတီသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်လျက်ရှိပါသည်။